အို- အဗ္ဗာစ်၊ အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၏ဦးလေး၊ အလ္လာဟ်အရှင်မြတ်ထံ ဒွန်ယာနှင့်

အာခိရသ်နှစ်ဌာနစလုံး၌ (အာဖီယသ်)

ကိုယ်စိတ်နှစ်ဖျာကျန်းမာ၊ချမ်းသာမှုကို တောင်းခံပါ"ဟုမိန့်ကြား‌တော်မူခဲ့သည်။

အဗ္ဗားစ် ဗင်န် အဗ်ဒုလ်မွသ်သွလိဗ် (ရဿွိယလ္လာဟုအန်ဟု) ထံမှဆင့်ပြန်လာရှိသည်။
၎င်းက ပြောပြခဲ့သည်။ ကျွန်ုပ်က အို- အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊
အလ္လာဟ်အရှင်မြတ်ထံ ကျွန်တော်မျိုး တောင်းခံနိုင်သည့် အရာတစ်ခုခုကို
ကျွန်တော်မျိုးအား သင်ကြားပြသတော်မူပါဟု လျှောက်ထားခဲ့သည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က "အလ္လာဟ်အရှင်မြတ်ထံ (အာဖီယသ်)
ကိုယ်စိတ်နှစ်ဖျာကျန်းမာ၊ချမ်းသာမှုကို တောင်းခံပါ"ဟု မိန့်ကြားခဲ့သည်။
ထို့နောက် ရက်ပေါင်းများစွာ ကြာမြင့်ပြီးနောက် တဖန် ကျွန်ုပ်သည် ပြန်လာကာ အို- အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊ အလ္လာဟ်အရှင်မြတ်ထံ ကျွန်တော်မျိုး
တောင်းခံနိုင်သည့် အရာတစ်ခုခုကို ကျွန်တော်မျိုးအား သင်ကြားပြသတော်မူပါဟု ထပ်မံ
လျှောက် ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က
ကျွန်ုပ်အား "အို- အဗ္ဗာစ်၊ အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၏ ဦးလေး၊
အလ္လာဟ်အရှင်မြတ်ထံ ဒွန်ယာနှင့် အာခိရသ်နှစ်ဌာနစလုံး၌ (အာဖီယသ်)
ကိုယ်စိတ်နှစ်ဖျာကျန်းမာ၊ချမ်းသာမှုကို တောင်းခံပါ"ဟု မိန့်ကြား‌တော်မူခဲ့သည်။ [صحيح لغيره] [رواه الترمذي وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဦးလေးဖြစ်သူ အဗ္ဗာစ် ဘင်န်အဗ္ဗဒွလ်မွသ်သွလိဗ်(ရဿွိယလ္လာဟုအန်ဟု)က
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံမှ အလ္လာဟ်အရှင်မြတ်ထံ
တောင်းခံနိုင်သည့် ဒုအာတစ်ပုဒ်ကို သင်ကြားပေးရန် တောင်းဆိုခဲ့သည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က သူ့အား အလ္လာဟ်အရှင်မြတ်ထံ ဒီန်သာသနာ၊
လောကီဘဝနှင့် အာခိရသ်နောင်တမလွန်ဘဝတို့တွင် ဘေးဒုက္ခများနှင့်
ချို့ယွင်းချက်များမှ လွတ်ကင်းပြီး (အာဖီယသ်) ကိုယ်စိတ်နှစ်ဖျာကျန်းမာချမ်းသာမှုကိုရရန် တောင်းခံပါ"ဟု မိန့်ကြား‌တော်မူခဲ့သည်။အဗ္ဗာစ်(ရဿွိယလ္လာဟုအန်ဟု)က ဆက်လက်ပြောကြားသည်မှာ- ရက်ပေါင်းများစွာ ကြာပြီးနောက်ကျွန်ုပ်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ ပြန်လာကာအလ္လာဟ်အရှင်မြတ်ထံ တောင်းခံနိုင်သည့် (နောက်ထပ်) ဒုအာတစ်ပုဒ်ကို သင်ကြားပေးရန်တောင်းဆို၏။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်သူ့အားနူးညံ့‌ပျော့ပြောင်းပြီး နှစ်လိုဖွယ်ရာအသံဖြင့် "အို- အဗ္ဗာစ်၊ အို- အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်ရဲ့ ဦးလေး၊ လောကီဘဝနှင့်
အာခိရသ်နောင်တမလွန်ဘဝတို့တွင် အမျိုးမျိုးသော ဘေးအန္တရာယ်များကို

ကာကွယ်တားဆီးရန်နှင့် အမျိုးမျိုးသော ကောင်းခြင်းများနှင့် အကျိုး ကျေးဇူးများကိုရရှိရန် အလ္လာဟ်အရှင်မြတ်ထံ (အာဖီယသ်) ကိုယ်စိတ်နှစ်ဖျာ ကျန်းမာချမ်းသာမှုကိုတောင်းခံပါ"ဟုမိန့်ကြားတော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/2932